# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

December 3, 2019 Volume 26, Number 2


**၃.၁၂.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၆၁ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၇၂၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၀၄/- ကျပ် |
| CBM Rate | = ၁၅၀၄.၅ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၆၇.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၀၂.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၅၃.၈ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၇၈.၉ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၃၁.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၃ ၅၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၀၁၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၆.၆၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၀.၄၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၇၁၁ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ


ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## အိမ်နီးချင်းနိုင်ငံများရှိ ရော်ဘာပင်များတွင် Pestalotipsis spp. မှိုရောဂါ ကျရောက်နေကြောင်းသိရ၍ မြန်မာနိုင်ငံအတွင်းသို့ ရော်ဘာတင်သွင်းရန် ခွင့်မပြုကြောင်းထုတ်ပြန်



အိမ်နီးချင်းနိုင်ငံများရှိ ရော်ဘာပင်များတွင် Pestalotipsis spp. မှိုရောဂါ ကျရောက်နေကြောင်းသိရှိရ၍ မြန်မာနိုင်ငံအတွင်းသို့ ရော်ဘာတင်သွင်းရန် ခွင့်မပြုကြောင်း စိုက်ပျိုးရေးဦးစီးဌာနက အသိပေးချက်ထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများရှိ ရော်ဘာပင်များတွင် Pestalotipsis spp. မှိုရောဂါ ကျရောက်နေကြောင်းသိရှိရ၍ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်မကူးစက် စေရန် နိုင်ငံတကာလေဆိပ်နှင့် နယ်စပ်ဝင်ပေါက်များမှ ရော်ဘာပျိုးပင်အပါအဝင် အပင် အစိတ်အပိုင်းများ ဝင်ရောက်မှုအပေါ် စိစစ်ကြပ်မတ်ရန်နှင့် ရောဂါကြိုတင် ကာကွယ်ရေးများ ဆောင်ရွက်မည့်အစီအစဉ်များတင်ပြရန် အကြောင်းကြားလာကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။ သို့ဖြစ်ရာ ရော်ဘာပျိုးပင်၊ ပျိုးကိုင်း၊ မျိုးစေ့ အပါအဝင် အပင်အစိတ်အပိုင်းအားလုံး တင်သွင်းမှုကိုခွင့်မပြုသောကြောင့် စိုက်ပျိုးလုပ်ကိုင်နေသူများအား အသိပေးကြေညာချက်ထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံ၏ ရော်ဘာကဏ္ဍသည် ရော်ဘာစိုက်ပျိုးသော အခြားနိုင်ငံများဖြစ်သည့် ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်နိုင်ငံများနှင့် နှိုင်းယှဉ်ပါက အထွက်နှုန်းရောအရည်အသွေးပါ နိမ့်ကျနေသေးသည့်အတွက် နိုင်ငံတကာ ဈေးကွက်တွင် ဈေးကောင်းမရရှိခြင်း၊ ဈေးအနှိမ်ခံရခြင်းတို့နှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း မြန်မာ့ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး နှီးနှောဖလှယ်ဆွေးနွေးပွဲ

(Myanmar Rubber Forum-2018) တွင် ဒုတိယသဘာပတိ ဦးဟင်နရီဇန်ထီးယူကပြောကြားသည်။

ရော်ဘာသည် ကမ္ဘာ့တစ်ဝန်း အရေးကြီးသည့် စက်မှုကုန်ကြမ်းသီးနှံတစ်ခုဖြစ်ပြီး ကမ္ဘာပေါ်တွင် သံနှင့် သံမဏိလုပ်ငန်းပြီးလျှင် ဒုတိယအကြီးမားဆုံး စက်မှုလုပ်ငန်းဖြစ်ကြောင်း၊ ရော်ဘာသည် ကုန်ပစ္စည်းအမျိုးမျိုးထုတ်လုပ်သည့်နေရာ တွင် မရှိမဖြစ်အသုံးပြုရသော စက်မှုကုန်ကြမ်းတစ်ခုဖြစ်ပြီး ကမ္ဘာ့အကြီးမားဆုံး တာယာလုပ်ငန်းများ၏ ဝယ်လိုအား များကြောင့် ရော်ဘာသည် အဖိုးတန်နိုင်ငံခြားဝင်ငွေရရှိစေသည့် ကုန်ပစ္စည်းတစ်ခုလည်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရော်ဘာကို အဓိကဦးစားပေးစက်မှု ကုန်ကြမ်းသီးနှံအဖြစ်သတ်မှတ်ထားပြီး ရော်ဘာလုပ်ငန်းစဉ်ဆက်မပြတ် တိုးတက်မှုရရှိနေရေးအားစိုက်ဆောင်ရွက်သွားကြရန် ၎င်းကဆိုသည်။ ပြည်တွင်း၌ တစ်နှစ်လျှင် ရော်ဘာတန်ချိန်စုစုပေါင်း နှစ်သိန်းခန့်ထွက်ရှိပြီး ရာခိုင်နှုန်း ၉၀ ကျော်ကို ပြည်ပသို့တင်ပို့နေခြင်းဖြစ်ကြောင်း၊ ကျန်ရှိသည့် ရှစ်ရာခိုင်နှုန်းခန့်ကိုသာ ပြည်တွင်း၌ အသုံးပြုလျက်ရှိပြီး အဓိကတင်ပို့နေသည့်နိုင်ငံမှာ တရုတ်ဖြစ်သည်။

ရော်ဘာကို မွန်နှင့် ကရင်ပြည်နယ်တို့တွင် အများဆုံးစိုက်ပျိုးလျက်ရှိသည်။ ကျန်တိုင်းဒေသကြီးများဖြစ်သည့် ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ တနင်္သာရီတိုင်းများတွင်လည်းစိုက်ပျိုးသည်။ မွန်ပြည်နယ်တွင် ရော်ဘာစိုက်ဧက ငါးသိန်းနီးပါးရှိပြီး ကရင်ပြည်နယ်တွင် ရော်ဘာစိုက်ဧက ၂၇၀၀၀၀ နီးပါးရှိကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာစိုက်ပျိုးမှုမှာ ၁၆ သိန်းခန့်ရှိကြောင်းသိရသည်။

**Source:** https://news-eleven.com/article/147792

## ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် အရည်အသွေးမြင့်ရော်ဘာများ ထုတ်လုပ်နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲပြုလုပ်




စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့ပူးပေါင်း၍ EIF (Enhanced Integrated Framework) အကူအညီဖြင့် ရေရှည်တည်တံ့သော သဘာဝရော်ဘာထုတ်လုပ်ရေးနှင့်အရည်အသွေးမြင့်မိုင်းခံရော်ဘာထုတ်လုပ်မှု နည်းပညာဆိုင်ရာဆွေးနွေးပွဲကို ၂.၁၂.၂၀၁၉ နေ့တွင် ဧရာဝတီတိုင်းဒေသကြီး ဆရာဝန်များအသင်းခန်းမတွင် နံနက် (၁၀း၀၀)နာရီမှ (၁၅း၀၀)နာရီထိ ကျင်းပခဲ့ပါသည်။ အဆိုပါဆွေးနွေးပွဲသို့ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဝန်ကြီးဦးစိုးဝင်း၊ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သူထွေး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဦးဟန်နှင့် တာဝန်ရှိသူများ၊ စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ဧရာဝတီတိုင်းဒေသကြီးရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရော်ဘာလုပ်ငန်းရှင်များ၊ ခြံရှင်များ စုစုပေါင်းလူဦးရေ (၁၂၀)ခန့် တက်ရောက်ခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံရော်ဘာအသင်းမှ နည်းပညာအကြံပေးဦးလှမြင့်မှ ရေရှည်တည်တံ့သော

သဘာဝရော်ဘာထုတ်လုပ်ရေး မြန်မာနိုင်ငံရော်ဘာအသင်းမှ ပညာရှင်ဦးအာကာမှ အရည်အသွေးမြင့် မိုင်းခံရော်ဘာထုတ်လုပ်မှုနှင့် အတန်းအစားခွဲခြားခြင်း၊ မြန်မာနိုင်ငံရော်ဘာ အသင်းမှ ပညာရှင် ဒေါ်အင်ကြင်းညီညီမှ "5 S" နှင့် လုပ်ဆောင်သွားရမည့် နည်းလမ်းများကို ဆွေးနွေးသွားပါသည်။ တက်ရောက်လာကြသူများမှ သိရှိလိုသည်များကို မေးမြန်းခဲ့ကြပြီး ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြပါသည်။

**Source: Myantrade–TIR**

## ဧရာဝတီတိုင်းဒေသကြီးအတွင်း တရုတ်၏ရင်းနှီးမြှုပ်နှံမှုများစွာရှိပြီး ရင်းနှီးမြှုပ်နှံမှုတိုးလာ



ဧရာဝတီတိုင်းအတွင်း တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများစွာရှိပြီး ရင်းနှီးမြှုပ်နှံမှုတိုးတက်လာကြောင်း ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က နိုဝင်ဘာ ၂၉ ရက် တွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံး၌ပြုလုပ်ခဲ့သည့်ADPCL ကုမ္ပဏီနှင့် UREC ကုမ္ပဏီတို့အကြား သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲ၌ပြောသည်။

ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို လွယ်ကူချောမောစွာ ဆောင်ရွက်ပေးလျက်ရှိပြီး တရုတ်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံသူများစွာရှိကြောင်း၊ပြည်ထောင်စုအဆင့် MIC နှင့် တိုင်းဒေသကြီး အဆင့် ARIC တွင် တရုတ်နိုင်ငံဘက်မှ လာရောက်ရင်းနှီးမြှုပ်နှံမှုရှစ်ခုရှိပြီး CMP အထည်ချုပ်လုပ်ငန်းများဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောသည်။ ထို့ပြင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကော်မတီအနေဖြင့် Investment Fair ရင်းနှီးမြှုပ်နှံမှုများကို လက်ကမ်းကြိုဆိုနေပြီး မြန်မာ-တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကိုဖိတ်ခေါ်ကြောင်း ၎င်းကဆက်လက်ပြောသည်။ ယင်းကော်မတီစတင်ဖွဲ့စည်းချိန်မှစ၍ ယနေ့အချိန်အထိ လုပ်ငန်းပေါင်း ၃၇ ခုကို အတည်ပြုမိန့်ထုတ်ပေးခဲ့ကြောင်းသိရသည်။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ဧရာဝတီဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက်၏ ပုသိမ်စက်မှုမြို့တော် စီမံကိန်းနှင့် ဧရာဝတီအပြည်ပြည်ဆိုင်ရာ စက်မှုဆိပ်ကမ်း တည်ဆောက်ရန်အတွက် ရတနာပိုင်တိုင်စိုက်ထူခြင်းကို နိုဝင်ဘာ ၂၉ ရက်က ပြုလုပ်ခဲ့သည်။ ယင်းစီမံကိန်းတွင် နိုင်ငံတကာသို့ ကုန်ပစ္စည်းများတင်ပို့နိုင်ရေးနှင့် နိုင်ငံတကာမှကုန်ပစ္စည်းများ တင်သွင်းနိုင်သည့် သင်္ဘောကြီးများဆိုက်ကပ်နိုင်သည့် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းကိုလည်း ထည့်သွင်းဖော်ဆောင်မည်ဖြစ်ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/131809.html

## လျှပ်စစ်၊ မွေးမြူရေးနှင့် အိမ်ရာကဏ္ဍတို့တွင် ဒေါ်လာသန်း ၅၀၃ ကျော်နှင့် ကျပ် သန်း ၂၆၀၀၀ ကျော် ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်း၄ခုခွင့်ပြု

အမေရိကန်ဒေါ်လာ သန်း ၅၀၃ ကျော်နှင့် မြန်မာငွေကျပ် သန်းပေါင်း ၂၆၀၀၀ ကျော် ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်း၄ခုကို နိုဝင်ဘာ ၂၉ ရက်ကပြုလုပ်သည့် ရင်းနှီးမြှုပ်နှံမှုကော်မရှင်အစည်းအဝေးတွင် ခွင့်ပြုခဲ့ကြောင်းသိရသည်။ လျှပ်စစ်၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အိမ်ရာအဆောက်အအုံကဏ္ဍတို့မှ လုပ်ငန်း၄ခုခွင့်ပြုခဲ့ခြင်းဖြစ်ပြီး အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ သန်း ၅၀၃ ဒသမ ၉၄၀ နှင့် ကျပ်သန်း ၂၆၅၂၃ ဒသမ ၀၀၀ ရှိကြောင်းသိရသည်။



အဆိုပါလုပ်ငန်းများမှ ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၁၀၁ နေရာဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ နိုင်ငံပေါင်း ၅၀ မှ ရင်းနှီးမြှုပ်နှံမှုများအနက် ယခုနှစ်အောက်တိုဘာလကုန်အထိ ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သောနိုင်ငံများမှာ စင်ကာပူ၊ တရုတ်နှင့်ထိုင်းနိုင်ငံတို့ ဖြစ်သည်။ လက်ရှိ မြန်မာ့စီးပွားရေးကဏ္ဍ ၁၂ ခုတွင် အများဆုံးရင်းနှီးမြှုပ်နှံထားရှိမှုမှာ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍဖြစ်ပြီး စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၇ ဒသမ၂၉ ရာခိုင်နှုန်း၊ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၅ ဒသမ ၇၇ ရာခိုင်နှုန်းနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၀၄ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံထားကြောင်းလည်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/131801.html

## ဖားမွေးမြူရေးလုပ်ကိုင်သူ နည်းနေသော်လည်း ဈေးကွက်ကောင်းရှိနေ




ပြည်တွင်း၌ ဖားမွေးမြူရေး လုပ်ကိုင်သူနည်းနေသေးသော်လည်း ဈေးကွက်ကောင်းရှိနေပြီး အကျိုးအမြတ်ရသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း လက်ရှိလုပ်ကိုင်နေသူများကပြောသည်။ “ကျွန်တော်ဆိုရင် ကိုယ့်ဒေသတွင်းမှာပဲ ငါးမွေးမြူရေးလုပ်တယ်။ ငါးမွေးသလို ဖားကိုလည်း မွေးချင်ပေမယ့် ဖားသားပေါက်က လွယ်လင့်တကူ ဝယ်လို့မရဘူး။ ရှိတော့လည်း ဈေးကမြင့်တော့မမွေးနိုင်ဘူး။ ဒါကြောင့် ကျွန်တော်တို့ကိုယ်တိုင် သားပေါက်ထုတ်လုပ်တာကိုလေ့လာတယ်။ နီးစပ်ရာမှာ ဖားနဲ့ပတ်သက်ပြီး ဗဟုသုတပေးတာတွေ နားထောင်တယ်။ သင်တန်းတက်တယ်။ သိသင့်တာတွေ လေ့လာမှတ်သားတယ်။

ဖားမွေးမြူရေးဆိုတာက လုပ်ကိုင်သူနည်းပေမယ့် ဈေးကွက်ကောင်းနေတာဖြစ်လို့ ကျွန်တော်တို့ကတော့ သားပေါက်ထုတ်လုပ်ပြီး အသားတိုးထိ မွေးမြူသွားဖို့ရှိတယ်“ဟု ခရမ်းမြို့နယ်က တောင်သူ ဦးဝင်းဇော်ကပြောသည်။ ဖားမွေးမြူခြင်းမှာ တွက်ခြေကိုက်သည့် လုပ်ငန်းဖြစ်ကြောင်း နှစ်အတော်ကြာ မွေးမြူရေးလုပ်သက်ရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ ကဒပွနကျေးရွာက ဦးမိုးရဲဝင်းကပြောသည်။ ၎င်းက ဖားသားဖောက်ခြင်းနှင့်မွေးမြူရေးလုပ်ငန်းကို တစ်ပိုင်တစ်နိုင်လုပ်ကိုင်နေခြင်းဖြစ်ပြီး စိတ်ဝင်စားသူများကိုလည်း နည်းပညာများ ဖြန့်ဖြူးပေးလျက်ရှိသည်။

ဖားသားဖောက်ခြင်းလုပ်ငန်းကို ၂၀၁၅ ခုနှစ်တွင် စတင်လုပ်ကိုင်ခဲ့ခြင်းဖြစ်ပြီး လုပ်ငန်းများကို တရုတ်နည်းပညာအပြင် မြန်မာ့နည်းပညာများဖြင့် ပူးပေါင်းလုပ်ဆောင်နေကြောင်း၊ ပြန်လည်မွေးမြူလိုသည့် တောင်သူများကိုလည်း နည်းပညာပိုင်းများသင်ကြားပေးလျက်ရှိကာ မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ရန် သားဖောက်မွေးမြူသည့် နည်းစနစ်သာမက ဖားအရွယ်အစားအလိုက် အစာဖော်စပ်နည်း၊ အစာကျွေးနည်း၊ ရေတီနှင့်တီကောင်မွေးမြူနည်းများကိုပါ သင်ကြားပေးလျက်ရှိကြောင်းသိရသည်။ “လယ်နဲ့ ဖားနဲ့ဆိုတာကလည်း မကင်းကွာဘူးလေ။ ဖားမွေးမြူရေးကိုလည်း အရမ်းစိတ်ဝင်စားတယ်။လယ်ထဲကဖားကို မွေးမြူတယ်ဆိုတာက ပြောသလောက်မလွယ်ဘူး။ နည်းပညာလိုအပ်ချက်တွေရှိတာကြောင့် ဝါသနာပါလည်းမလုပ်နိုင်ခဲ့ဘူး။ အခုချိန်မှာ ဒီလိုနည်းပညာလေးတွေကိုသိလာရတယ်။ အရင်ကဆိုရင် မိုးတစ်ရာသီပဲ ဖားကိုတွေ့ရတာ။ ကျန်တဲ့ရာသီဆိုရင် သိပ်မတွေ့ဘူး။ နည်းပညာတွေ တိုးတက်လာတဲ့အခါမှာ ဖားကို လိုအပ်သလိုထုတ်လို့ရ လာပြီ။ ကိုယ်တိုင်ကလည်း ဝါသနာပါတယ်ဆိုတော့ မွေးမြူရေးကို စနစ်တကျ လုပ်ကိုင်မှာဖြစ်သလို ဈေးကွက်လည်း ရှာမယ်”ဟု ကျောက်တန်းလယ်သမား ကိုဂျေမီကပြောသည်။

ဖားသားဖောက်ခြင်းများ စတင်လုပ်ကိုင်ရန် မူလမျိုးရင်းကို ထိုင်းနိုင်ငံက တင်သွင်းခဲ့ခြင်းဖြစ်ပြီး ပြည်တွင်းမျိုးနှင့် တွဲဖက်၍သားဖောက်ခဲ့ခြင်းကြောင့် ရာသီဥတုနှင့်ကိုက်ညီပြီး ကျန်းမာရေးကောင်းမွန်သည့် သားပေါက်များ ရရှိခဲ့ကာ လက်ရှိတွင်ပြည်နယ်နှင့်တိုင်းဒေသကြီးအနှံ့အပြားသို့ သားပေါက်တစ်ကောင်လျှင် ကျပ် ၂၀၀ မှ ကျပ် ၆၀၀ ဖြင့် ရောင်းချပေးနေကာ ရန်ကုန်တိုင်းနှင့်ရခိုင်ပြည်နယ်က အများဆုံးဝယ်ယူနေကြောင်းသိရသည်။ ပြည်တွင်း၌ ဖားမွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လိုသော်လည်း မြေနေရာအခက်အခဲကြောင့် လုပ်ငန်းများ နှောင့်နှေးစေကြောင်း မွေးမြူရေးလုပ်ကိုင်သူများက ပြောသည်။ "လုပ်ငန်းလုပ်ကိုင်လာတဲ့ တစ်လျှောက်မှာ အဆင်ပြေတယ်။ သားပေါက်ထုတ်လုပ်တာတင်မက အသားတိုးပါစီးပွားဖြစ်မွေးမြူချင်ပေမယ့် မြေနေရာလိုအပ်ချက်ရှိတယ်။ အခုချိန်မှာက မြေဈေးတွေအရမ်းကြီးတော့ လုပ်ငန်းကို စိတ်ထင်သလောက် တိုးချဲ့လို့မရဘူး။ လုပ်ငန်းကြီးလာတာနဲ့အမျှ လုပ်သားလိုအပ်ချက်တွေကလည်းရှိနေတော့ တိုးချဲ့ဖို့ဆိုတာ အခက်အခဲတွေ အများကြီးပဲ။ အခုချိန်ထိတော့ တစ်နှစ်လုံးဆိုရင် သားပေါက်ကောင်ရေ ၇၀၀၀၀ လောက်ပဲ ထုတ်လုပ်နိုင်သေးတယ်" ဟု ဦးမိုးရဲဝင်းကပြောသည်။

ဥကတစ်ဆင့် သားပေါက်ထုတ်လုပ်ရောင်းချခြင်းကို လုပ်ငန်းစတင်ချိန်မှ ၄၅ ရက်တွင်လုပ်ကိုင်နိုင်ပြီး သားပေါက်မွေးမြူပြီး သုံးလကြာမြင့်ချိန်တွင် အသားတိုးအဖြစ်ရရှိကာ ဈေးကွက်တင်ရောင်းချနိုင်ပြီဖြစ်သည်။တစ်နှစ်ပတ်လုံး မွေးမြူနိုင်ပြီး မိုးတွင်းကာလတွင် ပိုအဆင်ပြေကြောင်း၊ ပြည်တွင်းဈေးကွက်၌ ဖားတစ်ပိဿာဈေးနှုန်းမှာ ကျပ် ၁၅၀၀၀ ခန့် ပေါက်ဈေး ရှိပြီး ပင်လယ်စာရောင်းဝယ်ရေးနှင့်စားသောက်ဆိုင်များက အများဆုံးမှာယူကြောင်းသိရသည်။

**Source: မြန်မာတောင်သူကြီးများ ဂျာနယ်**

http://htwettoe.com/article-details/news/8340997

## ကြို့ပင်ကောက်၌ ဆောင်းသီးနှံမတ်ပဲစိုက်တောင်သူများ ယခုနှစ်ပဲပေါ်ချိန် ဈေးကောင်းရရန်မျှော်လင့်နေ



ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်ရှိ ဆောင်းသီးနှံ မတ်ပဲစိုက်တောင်သူများ ယခုနှစ်ပဲပေါ်ချိန်တွင် ဈေးကောင်းရရန် မျှော်လင့်လျက်ရှိကြောင်းသိရသည်။ ယခင်နှစ်က ဆောင်းသီးနှံစိုက် ရာသီတွင် ရာသီဥတုဖောက်ပြန်ခြင်း၊ ဖျက်ပိုးကျရောက်ခြင်းနှင့် ဈေးကောင်းမရရှိခြင်းတို့ကြောင့် မတ်ပဲစိုက်တောင်သူများ ပဲပေါ်ချိန် အရှုံးနှင့် ရင်ဆိုင်ခဲ့ရသည်။

ယခုနှစ်တွင် ရာသီဥတုကောင်းမွန်ခြင်း၊ ဖျက်ပိုးကျရောက်မှု နည်းပါးခြင်းတို့ကြောင့် ပဲပေါ်ချိန်တွင် ဈေးကောင်းရရန် မျှော်လင့်လျက်ရှိကြောင်း ပန်းတင်ကျေးရွာမှ မတ်ပဲစိုက်တောင်သူ ဦးသန်းဝင်းက- "လက်ရှိ လောလောဆယ် မတ်ပဲခုနစ်ဧကစိုက် ထားတာ၊ ပဲလေးတွေက ကောင်းတယ်။ ပိုးသတ်ဆေးပက်ထားတာ နှစ်ကြိမ်ရှိပါပြီ။ နောက်ထပ်ပက်ရမှာက အသီးအပွင့် အားဆေး၊ ပိုးသတ်ဆေး၊ မှိုဆေးထပ် ပက်ရဦးမယ်။ ဆေးဖိုးရဲ့ကုန်ကျစရိတ်ကလည်း တစ်နှစ်ထက်တစ်နှစ် မလျော့ဘူး။ မနှစ်ကနဲ့စာရင် ရာသီဥတုကောင်းတယ်။ အခုနှစ်မှာ ပဲလုပ်ပြီးချိန် မိုးကြီးကြီးမမိသေးဘူး။ မနှစ်ကတော့ မိုးကြီးကြီးလည်းမိတယ်၊ ပြွကက်ကလည်းကိုက်တယ်။ မနှစ်ကပဲမရဘူး။ ဒီကြားထဲ ပဲဈေးကလည်းမကောင်းတော့ ရှုံးတာပေါ့။ အခုနှစ်တော့ ပဲဈေးလေးကောင်းဖို့ မျှော်လင့်ရတာ ပေါ့"ဟု ပြောသည်။

ကြို့ပင်ကောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ဌေးက ကြို့ပင်ကောက် တစ်မြို့နယ်လုံးတွင် မတ်ပဲစိုက်ဧက ၆၇၀၄၂ ဧကရှိ ကြောင်း၊ ဆောင်းသီးနှံများအထွက်တိုးစေရန်အတွက် ကျေးရွာမတ်ပဲစိုက်ခင်းများထဲအရောက် အသိပညာ ပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ပြောသည်။

**Source:** https://myanmar.mmtimes.com/news/131837.html

## ပြည်တွင်းဈေးကွက်တွင် မတ်ပဲဈေးမငြိမ်

အိန္ဒိယကုန်သည်များ၏ ဝယ်လိုအား အတိုး၊ အလျှော့ပေါ် မူတည်ပြီး ပြည်တွင်းဈေးကွက် တွင် မတ်ပဲဈေးမငြိမ်ဘဲ ဒီဇင်ဘာ ၂ ရက်တွင် တစ်တန်လျှင် ကျပ် ၁၀ သိန်းဈေးဖွင့်ကြောင်း မြန်မာ နိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်အ သင်း အတွင်းရေးမှူး ဦးမင်းကိုဦးကပြောသည်။ နိုဝင်ဘာနောက်ဆုံးပတ်က ပြည်တွင်းဈေးကွက်တွင် မတ်ပဲတစ်တန်လျှင် ကျပ်ကိုးသိန်း ခြောက်သောင်းအထိ ဈေးကျ ဆင်းခဲ့သော်လည်း ယခုရက်ပိုင်းတွင် အိန္ဒိယသို့ တင်ပို့ရန် မတ်ပဲ အဝယ် ပြန်လိုက်လာချိန်တွင် ပြည်တွင်းဈေးကွက်၌ တစ်တန်လျှင် ကျပ်လေးသောင်း ပြန်လည်မြင့်တက်လာသည်။ "အိန္ဒိယမှာ ဈေးတက်ပြီး အဝယ်လိုက်ရင် ပြည်တွင်းမှာလည်း လိုက်တက်တယ်"ဟု ဦးမင်းကိုဦးကပြောသည်။

အိန္ဒိယနိုင်ငံ မိုးရာသီတွင် စိုက်ပျိုးသည့် မတ်ပဲအထွက်နည်းခြင်းကြောင့် အောက်တိုဘာက စတင်ပြီး ဝယ်လိုအားပြန်လည် မြင့်တက်လာသဖြင့် ပြည်တွင်း ဈေးကွက်တွင် မတ်ပဲဈေး တစ်တန်လျှင် ကျပ်တစ်ဆယ့်သုံးသိန်းလေးသောင်းအထိ မြင့်တက်ခဲ့ သည်။ အိန္ဒိယမှ မတ်ပဲဝယ်အား များသော်လည်း ပဲစင်းငုံဝယ်လိုအား အနည်းငယ်သာရှိသဖြင့် တစ်တန်လျှင် ကျပ်ရှစ်သိန်းခွဲခန့် တွင် ဈေးဖွင့်သည်။ "ဒီနှစ် စပါးဈေးမရတော့ ပဲဈေးကိုတော့ တောင်သူတွေမျှော်နေကြတယ်"ဟု ကျောင်းကုန်းမြို့နယ်မှ လယ်သမား ဦးပြုံးကပြောသည်။ မိုးစပါးရိတ်သိမ်းပြီးချိန်တွင် ပြည်တွင်းဈေးကွက်၌ မတ်ပဲဈေးသည် နယ်မြို့များတွင် တစ်တင်းလျှင် ကျပ်သုံးသောင်းခွဲဈေးရှိသည်။

တောင်သူများက မတ်ပဲတစ်တင်း ကျပ်သုံးသောင်းအထက် ဈေးရလျှင် စိုက်ပျိုးရန် အဆင်ပြေကြောင်း ၎င်းကဆိုသည်။ ဧရာဝတီတိုင်းနှင့်ပဲခူးတိုင်းဒေသအချို့ ကုန်းတွင်းပိုင်းလယ်များတွင် မိုးစပါးရိတ်သိမ်းပြီးလျှင် မတ်ပဲကို အဓိကစိုက်ပျိုးသည်။ ယခုနှစ် မတ်ပဲစတင်စိုက်ပျိုးချိန်တွင် မြေအစိုဓာတ်ကောင်းခြင်းကြောင့် အပ်ပေါက်အားကောင်းသည်ဟု ဓနုဖြူမြို့နယ်မှ လယ်သမားဦးသိန်းအောင်က ပြောကြားသည်။

**Source:** https://www.7daydaily.com/–172564

## ပြည်ပသို့ ဆန်တင်ပို့မှု ယခင်နှစ်ထက် ထက်ဝက်ခန့်လျော့နည်း



မိုးစပါးအသစ်ပေါ်ချိန်တွင် ပြည်ပသို့ ဆန်တင်ပို့နိုင်မှုသည် ပြီးခဲ့သည့်နှစ်ထက် ထက်ဝက်ခန့်လျော့နည်းကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် တာဝန်ရှိသူအချို့ကပြောသည်။ ယခုနှစ်တွင် ပြည်ပသို့ တစ်လလျှင် ဆန်တန်ချိန် နှစ်သိန်းခန့်သာတင်ပို့နိုင်ပြီး ယမန်နှစ်က တစ်လလျှင် ပျမ်းမျှတန်ချိန် သုံးသိန်းခွဲအထက်ရှိကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဦးမျိုးသူရအေးက ပြောသည်။ ထို့ကြောင့်ပြည်ပဆန်တင်ပို့နိုင်မှုက တန်ချိန်တစ်သိန်းခွဲကျော် လျော့နည်းသည်။ ယင်းသို့ လျော့နည်း ရခြင်း၏ အဓိကအကြောင်းရင်းနှင့်ပတ်သက်၍ ဦးမျိုးသူရအေးက "တရုတ်ကို အရင်လိုမသွားနိုင်တော့လို့ပါ"ဟု ပြောသည်။

ယခုနှစ်တွင် တရုတ်နိုင်ငံသည် မြန်မာ့ဆန်ကို နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တစ်ပတ်လျှင် တန်ချိန်တစ်သောင်း ကျော်သာ ဝယ်ယူကြောင်း မူဆယ်ဆန်ကုန်စည်ဒိုင်အသင်းဝင် ဦးမင်းသိန်းကပြောသည်။ တရုတ်ကုန်သည်များသည် ယခင်နှစ်များကဲ့သို့ ဆန်ကိုလွတ်လပ်စွာဝယ်နိုင်ခြင်းမရှိဘဲ ကုမ္ပဏီအစိုးရကချထားပေးသော ဆန်တင်သွင်းခွင့်ပါမစ်များဖြင့်သာ ဝယ်နေကြောင်း ၎င်းကဆိုသည်။ ဆန်တင်ပို့မှု လျော့နည်းခြင်းကြောင့် ပြည်ပသို့ အများဆုံးတင်ပို့နေသည့် ဆန်ကြမ်းဈေးနှုန်း ကျဆင်းနေပြီး တစ်အိတ်လျှင် ကျပ် ၁၆၅၀၀ ခန့်ဈေးရှိကြောင်း ရန်ကုန်မြို့ဘုရင့်နောင်ဆန်ကုန်စည်ဒိုင်မှ အသင်းဝင် အချို့က ပြောသည်။ "နယ်စပ်အဆွဲမရှိတော့ ပင်လယ်ထွက်ပေါက်တစ်ခုပဲ အားကိုးနေရတယ်"ဟု ဘုရင့်နောင်ဆန်ကုန်စည်ဒိုင် အတွင်းရေးမှူး ဦးသန်းဦးကပြောသည်။

မြန်မာနိုင်ငံ၏ လယ်မြေဧက ၁၇ သန်း၌ စိုက်ပျိုးသော မိုးစပါးအသစ်ပေါ်ချိန်တွင် ပြည်ပဆန်တင်ပို့မှု လျော့ကျခြင်းကြောင့်

ပြည်တွင်း စပါးဈေးနှုန်းလည်း လိုက်ပါကျဆင်းခဲ့သည်။ လက်ရှိတွင် စပါးတင်း ၁၀၀ လျှင် ကျပ်လေးသိန်းအောက် ကျဆင်းနေပြီး စိုက်ပျိုးသူတောင်သူလယ်သမားများ အခက်အခဲကြုံနေရသည်။ ရာသီဥတုဖောက်ပြန်မှုကြောင့် ရောဂါပိုးမွှားများကျရောက်ပြီး စပါးအထွက်နည်းချိန်တွင် စပါးဈေးကျဆင်းခြင်းက လယ်သမားများအတွက် ထိုးနှက်ချက် တစ်ခုဖြစ်ကြောင်း လယ်သမားဘဝဖွံ့ဖြိုးရေးအသင်းဥက္ကဋ္ဌ ဦးသိန်းအောင်ကပြောသည်။ "ဒီနှစ်မှာ လယ်သမားတွေက အတော်အထိနာနေပြီ။ နာလန်မထူနိုင်ဘူး"ဟု ဦးသိန်းအောင်က ပြောသည်။

မိုးစပါးပေါ်ချိန်တွင် စပါးဈေးကျဆင်းခြင်းကို ခုခံရန် အစိုးရက အခြေခံရည်ညွှန်းဈေးဖြင့် စပါးဝယ်ယူရန် ပြင်ဆင်နေသည်။ ဘဏ္ဍာရန်ပုံငွေမှ ကျပ် ၁၂ ဘီလီယံခန့် သုံးစွဲကာ ဧရာဝတီ၊ ပဲခူးနှင့် ရန်ကုန်တိုင်းမှ စပါးများဝယ်ယူရန် စီစဉ်နေပြီး အခြေခံရည်ညွှန်းစပါးဈေးသည် တင်း ၁၀၀ လျှင် ကျပ်ငါးသိန်းဖြစ်သည်။ "အစိုးရဝယ်မှာကို မျှော်ရတာလည်း မောနေပါပြီ"ဟု ကျောင်းကုန်းမြို့နယ်နေ လယ်သမားဦးပြုံးကဆိုသည်။ အခြေခံဈေးဖြင့် စပါးဝယ်ယူရေးသည် ယခုလအတွင်း လက်တွေ့အကောင်အထည်ပေါ်လာနိုင်သည်ဟု မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်ကပြောသည်။

**Source:** https://www.7daydaily.com/172481

## မြိတ်ဒေသထွက် ကင်းမွန်ပြုတ်ခြောက် တရုတ်နိုင်ငံသို့အများဆုံးတင်ပို့



မြိတ်ဒေသ၏ ရေထွက်ကုန်တစ်မျိုးဖြစ်သော ကင်းမွန်ပြုတ်ခြောက်လုပ်ငန်းမှာ ကုန်ချောအဖြစ် တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့နေကြောင်း ယင်းလုပ်ငန်းကို လုပ်ကိုင်နေသည့် အလုပ်ရုံများမှသိရသည်။ မြိတ်မြို့ရှိ ကင်းမွန်ပြုတ်ခြောက်လုပ်ငန်း မှာ မြိတ်တောင်ကျေးရွာအုပ်စု၊ အင်းလေးမြိုင် စက်မှုဇုန်ရှိဝင်းအတွင်း အများဆုံးလုပ်ကိုင်နေသည်ဟုသိရသည်။

LA ကင်းမွန်ပြုတ်ခြောက်အလုပ်ရုံမှ မန်နေဂျာဦးရဲလင်းက "ကျွန်တော်တို့ အလုပ်ရုံတွေကထုတ်တဲ့ ကင်းမွန်ပြုတ်ခြောက်က ဒေသတွင်းစားသုံးမှုထက် ပြည်ပနိုင်ငံဖြစ်တဲ့ တရုတ်ကို ကုန်ချောအဖြစ် အများဆုံးတင်ပို့တာဖြစ်ပါတယ်"ဟု ပြောသည်။ မြိတ်ကျွန်းစုအတွင်း ဖမ်းဆီးရရှိသောကင်းမွန်များကိုအေးခဲ၍ မောတောင်နယ်စပ်ဂိတ်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ အနည်းငယ်သာ တင်ပို့မှုရှိနေပြီး အများဆုံးက အကောင်လိုက်ပြုတ်ထားသော ကင်းမွန်ပြုတ်ခြောက်ကို တရုတ်နိုင်ငံကို တင်ပို့နေကြောင်း ယင်းလုပ်ငန်းကို လုပ်ကိုင်နေသူများထံမှသိရသည်။

ယခုနှစ် ကင်းမွန်ရာသီတွင် ကင်းမွန်အကြီးတစ်ဗန်းကို ကျပ်ရှစ်သောင်းမှ ကိုးသောင်းအထိ၊ အလတ်စားတစ်ဗန်းမှာ ကျပ်လေးသောင်းကျော်နှင့် အသေးဆုံးတစ်ဗန်းမှာ ကျပ် သုံးသောင်းမှ ကျပ်သုံးသောင်းခွဲအထိရှိကြောင်း ဒေသခံကင်းမွန် မီးထွန်းလှေ ရေလုပ်သားများထံမှ သိရသည်။ အထက်ပါကင်းမွန်ဈေးနှုန်းများမှာ ယခင်နှစ်ကထက် ကျပ်ငါးထောင်မှ ကျပ်တစ်သောင်းဝန်းကျင်အထိ ဈေးမြင့်တက်ခဲ့ကြောင်းသိရသည်။ မြိတ်မြို့၌ ကင်းမွန်ပြုတ်ခြောက်လုပ်ငန်း အလုပ်ရုံစုစုပေါင်း ၁၃ ရုံရှိပြီး အမျိုးသားအမျိုးသမီးတစ်ဦး တစ်နေ့လုပ်အားခမှာ ကျပ်ခြောက်ထောင်မှ ကိုးထောင်အထိရရှိကြောင်းသိရသည်။

**Source: https://myanmar.mmtimes.com/news/131766.html**

## လက်ရှိဘဏ္ဍာနှစ် တစ်လခွဲတွင် ပြည်ပသို့ ဆန်နှင့် ဆန်ကွဲတန်ချိန် ၄၃၀၀၀၀ ကျော်တင်ပို့မှုမှ ဝင်ငွေဒေါ်လာ သန်း ၁၂၀ ကျော်ရရှိထားပြီး ပင်လယ်ရေကြောင်းမှတစ်ဆင့်တင်ပို့မှု ရာခိုင်နှုန်း ၈၀ ကျော်ရှိ



လက်ရှိဘဏ္ဍာနှစ် တစ်လခွဲတွင် ပြည်ပသို့ ဆန်နှင့် ဆန်ကွဲတန်ချိန် ၄၃၀၀၀၀ ကျော်တင်ပို့မှုမှ ဝင်ငွေဒေါ်လာ သန်း ၁၂၀ ကျော် ရရှိထားပြီး ပင်လယ်ရေကြောင်းမှ တစ်ဆင့် တင်ပို့မှုသည် ရာခိုင်နှုန်း ၈၀ ကျော်အထိ ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ထုတ်ပြန်ထားသည့် စာရင်းများအရသိရသည်။ ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ်ဖြစ်သည့် ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁ ရက်မှ နိုဝင်ဘာ ၁၅ ရက်အထိ ပြည်ပသို့ ဆန်နှင့် ဆန်ကွဲ စုစုပေါင်းတန်ချိန် ၄၃၆၆၈၅ ဒသမ ၆၉၄ တင်ပို့မှုမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၁၂၆ ဒသမ ၄၂၇ သန်း ရရှိထားကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ထုတ်ပြန်ထားသည်။ ယင်းကဲ့သို့ တင်ပို့ခဲ့ရာတွင် နိုင်ငံပေါင်း ၃၇ နိုင်ငံသို့ ဆန်တန်ချိန် ၂၉၅၆၁၈ ဒသမ ၉၄၄ တင်ပို့မှုမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၈၉ သန်းကျော် ရရှိခဲ့သည်။ နိုင်ငံပေါင်း ၂၈ နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၁၄၁၀၆၆ ဒသမ ၇၅၀ တင်ပို့မှုမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၃၆ သန်းကျော် ရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံမှဆန်ကို ပြည်ပတင်ပို့ရာ၌ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အီးယူဈေးကွက်၊ အာဖရိကဈေးကွက်သို့ တင်ပို့လျက်ရှိပြီး မူဆယ်နယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အဓိကတင်ပို့နေခြင်းဖြစ်သည်။ အဆိုပါကာလအတွင်း ပင်လယ်ရေကြောင်းမှတစ်ဆင့် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၃၇၀၀၀၀ ကျော်တင်ပို့မှုမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၁၀၈ သန်းကျော်ရှိသည်။ စုစုပေါင်းတင်ပို့မှု၏ ၈၄ ရာခိုင်နှုန်းကျော်ရှိသည်။ ထို့အတူ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ဆန်နှင့်ဆန်ကွဲတန်ချိန် ၆၆၀၀၀ ကျော်တင်ပို့မှုမှဝင်ငွေ အမေရိကန်ဒေါ်လာ ၁၇ သန်းကျော် ရရှိထားသည်။ စုစုပေါင်းတင်ပို့မှု၏ ၁၅ ရာခိုင်နှုန်းကျော်ရှိသည်။ ပြီးခဲ့သည့် ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲစုစုပေါင်းတန်ချိန် ၂ ဒသမ ၃၅၅ သန်းတင်ပို့မှုမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၇၀၉ ဒသမ ၆၉၃ သန်းရရှိထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ထုတ်ပြန်ထားသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ မြန်မာ့ဆန်နှင့်ဆန်ကွဲတန်ချိန် ၃ ဒသမ ၆ သန်းနီးပါး တင်ပို့နိုင်ခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော်အတွင်း စံချိန်တင်တင်ပို့နိုင်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ၂၀၁၉ ခုနှစ် နွေစပါးပေါ်ချိန်တွင် စပါးဈေးကျဆင်းနေခြင်းနှင့် တောင်သူများအခက်အခဲဖြစ်နေခြင်း ကိစ္စရပ်များနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ်အနေဖြင့် ဆောင်ရွက်သင့်သောကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် သိုလှောင်ရုံအခက်အခဲ၊ အဆင့်အတန်းရှိသည့် စပါးများအခြောက်ခံရန် အခက်အခဲ၊ သယ်ယူပို့ဆောင်ရေး ယာဉ်အခက်အခဲများရှိနေသဖြင့် လုပ်ငန်းတွင်ကျယ်မှု အားနည်းမှုများကိုတွေ့ရှိရကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ မေ ၁၈ ရက်က ထုတ်ပြန်ထားသည်။ ထို့ပြင် မြန်မာ့ဆန်စပါးကဏ္ဍသည် နယ်စပ်မှအရောင်းအဝယ်အလွန်နည်းခြင်းနှင့် ပြည်ပတင်ပို့မှု ကျဆင်းနေကြောင်း၊ ယခုအခြေအနေသည် ပုဂ္ဂလိကသက်သက်ဖြင့်သာ ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း ထုတ်ပြန်ထားသည်။

**Source:** https://news-eleven.com/article/147478

## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကန်ဒေါ်လာသန်း ၁၄၀၀ နီးပါး ဝင်ရောက်

၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်ကနေ နိုဝင်ဘာ ၂၉ ရက် အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၄၁ ခု၊ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၄ ခုကို အတည်ပြု ခွင့်ပြုပေးခဲ့တယ်လို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်ကပြောပါတယ်။ ဒီဇင်ဘာ ၂ ရက်နေ့က ရန်ကုန်မှာ ပြုလုပ်ခဲ့တဲ့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု

ကော်မရှင်နဲ့ သတင်းမီဒီယာတွေ့ဆုံပွဲမှာ ပြောဆိုခဲ့တာပါ။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ နိုဝင်ဘာ ၂၉ ရက် အထိ မြန်မာနိုင်ငံကို ဝင်ရောက်လာတဲ့ စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏက အမေရိကန်ဒေါ်လာ ၁,၃၉၂ ဒသမ ၆၂၉ သန်း ရှိတယ်လို့လည်း သိရပါတယ်။

မြန်မာနိုင်ငံမှာ လိုအပ်နေတဲ့ လျှပ်စစ်အခန်းကဏ္ဍ၊ ကုန်ထုတ်လုပ်မှုအခန်းကဏ္ဍနဲ့ ဝန်ဆောင်မှုလုပ်ငန်း ကဏ္ဍတွေမှာလည်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ ဝင်ရောက်လာဖို့ မျှော်လင့်တယ်လို့လည်း ဝန်ကြီးဦးသန့်စင်ကပြောပါတယ်။ လာမယ့် ဒီဇင်ဘာလ ၇ ရက်နဲ့ ၈ ရက်နေ့တွေမှာလည်း တနင်္သာရီတိုင်းဒေသကြီးမှာ ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကျင်းပပြီး ပြည်တွင်းပြည်ပက ရင်းနှီးမြှုပ်နှံမှု တွေကို ဖိတ်ခေါ်ဖို့ ရှိနေပါတယ်။

**Source: DVB TV News**

https://www.facebook.com/dootcheck.aleksander**?**

## ဂျပန်အစိုးရက စီးပွားရေးလှုံ့ဆော်အားပေးမှု အစီအစဉ်အဖြစ် ဒေါ်လာ ၉၂ ဘီလီယံအထိ အသုံးပြုရန်စီစဉ်နေ

နိုင်ငံစီးပွားရေးတိုးတက်ဖို့အတွက် စီးပွားရေး လှုံ့ဆော်အားပေးမှုအစီအစဉ်အဖြစ် ကန်ဒေါ်လာ ဒေါ်လာ ၉၂ ဘီလီယံ တန်ဖိုးရှိ ဘဏ္ဍာငွေအသုံးစရိတ်တစ်ရပ်အသုံးပြုဖို့ ဂျပန်အစိုးရ စဉ်းစားနေတယ်လို့ Nikkei သတင်းစာကဖော်ပြပါတယ်။ လက်ရှိမှာ ကမ္ဘာတစ်ဝန်း ကုန်ပစ္စည်းဝယ်လိုအားကျနေတာ၊အမေရိကန်-တရုတ်ကုန်သွယ်ရေးစစ် ဆက်ရှိနေခြင်းတို့က ယင်းနိုင်ငံရဲ့စီးပွားရေးအပေါ် သက်ရောက်စေလျက်ရှိပါတယ်။

ယခုစီးပွားရေးလှုံ့ဆော်အားပေးမှု အစီအစဉ်နဲ့ပတ်သက်လို့ အာဏာရညွန့်ပေါင်းအုပ်စုနဲ့ ဆွေးနွေးတိုင်ပင်ပြီးနောက် လာမယ့်အပတ်ထဲမှာ ယင်းကိုအပြီးသတ်နိုင်ဖို့ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက စီစဉ်နေပါတယ်။ ယခုကိစ္စနဲ့ပတ်သက်လို့ ဂျပန် ဘဏ္ဍာရေးဝန်ကြီးဌာနက တစုံတရာမှတ်ချက်ပေးခြင်း မရှိသေးပါဘူး။ လက်ရှိအာဏာရပါတီအမတ်တွေကတော့ နိုင်ငံမှာ ကြီးမားတဲ့ အသုံးစရိတ်တစ်ရပ်အသုံးပြုလုပ်ဆောင်ရေး အစိုးရကိုဖိအားပေးနေလျက်ရှိပါတယ်။

**Source:** https://uk.reuters.com/…/japan-government-mulls-over-92-bil…**&**

SFJ Strategy First Journal

## ရင်းဂစ်ငွေတန်ဖိုးလျော့ကျမှု မလေးရှားဆန်းစစ်မည်

နိုင်ငံသုံးငွေကြေး ရင်းဂစ်တန်ဖိုးလျော့ကျမှုကိစ္စနဲ့ပတ်သက်လို့ မလေးရှားအစိုးရအနေနဲ့ ဆွေးနွေးအဖြေရှာသွားမှာ ဖြစ်ကြောင်းဝန်ကြီးချုပ် Mahathir Mohamad က ပြောကြားလိုက်ပါတယ်။ ရင်းဂစ်ငွေတန်ဖိုးကျမှုကြောင့် သွင်းကုန် တင်သွင်းရမှုပိုင်းမှာ ပိုမိုဈေးကြီးစေသလို လူနေမှုစရိတ်စကတွေကိုလည်း မြင့်တက်စေလျက်ရှိကြောင်း Mahathir က ပြောပါတယ်။ မလေးရှားရင်းဂစ်ကတော့ ပြီးခဲ့တဲ့အပတ်က သုံးပတ်ဆက်တိုက်ကျဆင်းထားခဲ့တာဖြစ်ပါတယ်။ “ ခုလို ကျွန်တော်တို့ နိုင်ငံသုံးငွေကြေးတန်ဖိုးကျမှုကြောင့် ကျွန်တော်တို့ ဝယ်သမျှပစ္စည်းတိုင်းဟာ ပိုဈေးကြီးလာနေပါပြီ၊ ဒီတော့ ဒါက အကြောင်းရင်းတစ်ခုပါ၊ ဒီပြဿနာကို ကျွန်တော်တို့ အစိုးရအဖွဲ့တွင်းမှာ ဆွေးနွေးသွားပါမယ်” လို့ Mahathir က ပြောသွားပါတယ်။ အရှေ့တောင်အာရှရဲ့ တတိယအကြီးဆုံး စီးပွားရေး နိုင်ငံမလေးရှားရဲ့ စီးပွားရေးကတော့ ပြီးခဲ့တဲ့ တတိယသုံးလပတ်ကတစ်နှစ်တာအတွင်း အနေးကွေးဆုံးနှုန်းထားနဲ့သာ တိုးတက်ခဲ့ပါတယ်။

**Source:** https://www.channelnewsasia.com/…/malaysia-mahathir-ringgit…

SFJ Strategy First Journal

## ASEAN Smart Cities တည်ဆောက်ရန် ယှဉ်ပြိုင်ဘက်များနှင့် ပတ်သက်သည့်သတင်း

အမေရိကန်နိုင်ငံသည် အရှေ့တောင်အာရှအာဆီယံအဖွဲ့ဝင်နိုင်ငံများအား အဆင့်မြင့် ဒစ်ဂျစ်တယ်လ်နည်းပညာစနစ် လျှင်မြန်စွာဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများအဖြစ်တည်ထောင်နိုင်ရန် US-ASEAN Smart Cities Partnership အား ဆောင်ရွက်သွားရန် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့က စင်ကာပူနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် US-ASEAN Summit တွင်

အမေရိကန် ဒုတိယသမ္မတဖြစ်သူ Mr. Mike Pence ၏ မိန့်ခွန်း၌ ထည့်သွင်းပြောကြားခဲ့ကြောင်း၊ ASEAN Smart Cities Network တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့မှ မြန်မာနိုင်ငံ ရန်ကုန်မြို့အထိ စုစုပေါင်းမြို့ပေါင်း (၂၆)မြို့ပါဝင်ပါကြောင်း၊ အဆိုပါအစီအစဉ်တွင် မြို့ပြတည်ဆောက်မှု လျင်မြန်စွာဖွံ့ဖြိုးတိုးတက်ရန်နှင့် လူဦးရေပျံ့နှံ့ရန်နှင့်ပတ်သက်၍ အခက်အခဲများအား အတူတစ်ကွ ကိုင်တွယ်ဖြေရှင်းရန်ဖြစ်ကြောင်း၊ စီမံကိန်းမှာ မြစ်ရေညစ်ညမ်းမှု၊ ရောဂါပိုးမွှားများ နှိမ်နင်းကာကွယ်ရန်၊ အခွန်ကောက်ခံမှု စနစ်များ တိုးတက်ရန်နှင့် ပြစ်မှုများလျှော့ချနိုင်ရန်အစရှိသည်တို့အား ဒစ်ဂျစ်တယ်လ် နည်းပညာများဖြင့် ပိုမိုဆွဲဆောင်၍ ပြောင်းလဲနိုင်ရန်နှင့်နောက်ဆုံးပေါ်နည်းပညာများဖြင့် ဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။ တရုတ်နိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ဒေသများစီးပွားရေး ပိုမိုတိုးတက်ရန် ရပ်ဝန်းနှင့် ပိုးလမ်းမ စီမံကိန်းဖြင့် ရထားလမ်း၊ ဆိပ်ကမ်း၊ ကားလမ်းအစရှိသည်တို့အား ဦးစွာတည်ဆောက်ပြီး စီးပွားရေး လွှမ်းမိုးမှုများ ပုံမှန်မြင့်မားလာလျှက်ရှိကြောင်း၊ နောက်ပိုင်းတွင် မိုဘိုင်းဖုန်းတာဝါများ တည်ဆောက်ခြင်း၊ မြို့တော်စည်ပင်သာယာ စောင့်ကြည့်ရေးကိရိယာများတပ်ဆင်ခြင်းအစရှိသည်တို့သည်လည်း ဒစ်ဂျစ်တယ်လ်တော်လှန်ရေးတွင်ပါဝင်ပြီး အမေရိကန်ဒေါ်လာ ၃ ထရီလီယံနီးပါး အသုံးပြုနိုင်ကြောင်းအား အမေရိကန်အနေဖြင့်လည်း စောင့်ကြည့် နေကြောင်း၊ ဒေသတွင်း ဒစ်ဂျစ်တယ်လ် အခြေခံအဆောက်အအုံများ၌ အမေရိကန်ရင်းနှီးမြှုပ်နှံမှုများပြန်လည်၍ ပိုမိုလျင်မြန်စွာတိုးတက်စေရန် တိုက်တွန်းသွားမည်ဖြစ်ပြီး ကနဦးအနေဖြင့် အမေရိကန်ဒေါ်လာ (၁၀)မီလီယံအား ရင်းနှီးမြှုပ်နှံ သွားမည် ဖြစ်ကြောင်း US Vice President ဖြစ်သူ Mr. Mike Pence က ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလတွင် ပြောကြား ခဲ့ကြောင်း ရေးသားထားပါသည်။ တစ်ချိန်တည်းမှာပင် ပေကျင်းမှလည်း Smar Cities Network ၌ ၎င်းတို့၏ ပါဝင်ဆောင်ရွက် ပံ့ပိုးနေမှုများအား ကြေငြာခဲ့ကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အမေရိကန်နှင့်တရုတ်နိုင်ငံတို့အကြားတွင် ဆက်နွယ် လုပ်ဆောင်မှုများ ညီညွတ်မျှတစေလိုကြောင်း၊ အရှေ့တောင်အာရှနိုင်ငံများအနေဖြင့် အင်အားကြီးနိုင်ငံ နှစ်နိုင်ငံဖြစ်သည့် တရုတ်နှင့် အမေရိကန်နိုင်ငံတို့အတွက် ပထဝီအနေအထားအရ အချက်အချာကျလျှက်ရှိသောကြောင့် တည်နေရာအနေအထားအရ ယှဉ်ပြိုင်မှုတစ်ခုဖြစ်လျှက်ရှိကြောင်း ဝါရှင်တန်ရှိ South East Asia Programme at the Centre for Strategic and International Studies ၏ ဒုတိယညွှန်ကြားရေးမှူးဖြစ်သူ Brain Harding က ပြောကြားခဲ့ကြောင်း ရေးသားထားပါသည်။ အမေရိကန်၏စီမံခန့်ခွဲမှုတွင် တရုတ်နိုင်ငံမပါဝင်ဘဲ အမေရိကန်၏ စံသတ်မှတ်နှုန်းများဖြင့် အရှေ့တောင်အာရှနိုင်ငံများအတွက် Smart Cities များတည်ဆောက်သွားလိုကြောင်း၊ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လက အမေရိကန် နိုင်ငံခြားရေးဝန်ကြီး Mike Pompeo ကရှင်းလင်းထုတ်ဖော်ပြောကြားခဲ့သည့် လွတ်လပ်၍ ပွင့်လင်းမြင်သာသည့် Indo–Pacific regional policy နှင့်ကိုက်ညီစေရန် လုပ်ဆောင်နေကြောင်း၊ သို့သော် မကြာသေးခင်က ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံ ထိပ်သီးအစည်းအဝေးတွင် အမေရိကန်သမ္မတဒေါ်နယ်လ်ထရန့်အပြင် အမေရိကန်မှထိပ်သီးခေါင်းဆောင်များ တက်ရောက်ရန်ပျက်ကွက်ခဲ့မှုကြောင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများသို့ ပေးထားသည့် အမေရိကန်၏ ကတိကဝတ်များအတွက် ရှင်းလင်းပြတ်သားမှုမရှိသည်ကို ပြသနေကြောင်း ရေးသားထားပါသည်။ အရှေ့တောင်အာရှ အဖွဲ့ဝင်နိုင်ငံများနှင့် အမေရိကန်၏ ပါဝင်ဆောင်ရွက်မှုမှာ ကျဆင်းနေပြီး လက်တွေ့တွင် တရုတ်နိုင်ငံ ပါဝင်ဆောင်ရွက်မှုမှာ ပိုမိုကျယ်ပြန့်လျှက်ရှိကြောင်း၊ ISEAS–Yusofishak Institute in Singapore မှ အဖွဲ့ဝင် ဒေါ်မိုးသူဇာကပြောကြားခဲ့ကြောင်း၊ နှစ်နိုင်ငံစလုံး၏ ကမ္ဘာလုံး ဆိုင်ရာ အုပ်ချုပ်မှုပုံစံမှာလည်း သံသယဖြစ်စရာများဖြစ်လာကြောင်း ရေးသားထားပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကျွမ်းကျင်ပညာရှင်များမှ ယခုနှစ်အစောပိုင်း စစ်တမ်းများအရ (၄၅) ရာခိုင်နှုန်းမှာ တရုတ်နိုင်ငံသည် နိုင်ငံရေးနှင့် နည်းဗျူဟာအရ ဒေသတွင်း၌ ပိုမိုလွှမ်းမိုးမှုရှိကြောင်း၊ (၃၀)ရာခိုင်နှုန်းမှာ အမေရိကန်နိုင်ငံမှ အလားတူ ပိုမိုလွှမ်းမိုးမှု ရှိသည်ဟု ထင်မြင်ယူဆကြကြောင်း၊ ထို့အပြင် ပိုမိုထင်ရှားသည့်အချက်မှာ စီးပွားရေးအရ လွှမ်းမိုးမှုတွင် အမေရိကန်နှင့် တရုတ်နိုင်ငံတို့အား နှိုင်းယှဉ်ရာ၌ ပေကျင်းမှ (၇၃)ရာခိုင်နှုန်းရှိပြီး၊ ဝါရှင်တန်မှ (၈) ရာခိုင်နှုန်းသာရှိကြောင်း၊ အမေရိကန်အနေဖြင့် Southeast Asian Cities တွင် ပါဝင်ဆောင်ရွက်ခြင်းမှာ ရင်းနှီးမြှုပ်နှံမှု သက်သက်သာ မကဘဲ ညီအစ်မမြို့တော်များ တည်ဆောက်ရန်ဖြစ်ပြီး သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ရေဘေးကင်း လုံခြုံမှုရှိစေရေးစသည့် စီမံကိန်းများအား အတူတစ်ကွ လုပ်ဆောင်နိုင်မည်ဖြစ်ပြီး စီးပွားရေးမိတ်ဖက်များအား အားပေးဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အမေရိကန်ကုမ္ပဏီများဖြစ်သည့် IBM နှင့် Gerneral Electric တို့သည်လည်း “ Solution Partners and Observers ” စာရင်းတွင်ပါဝင်သည့် တရုတ်ကုမ္ပဏီများဖြစ်သည့် Huawei နှင့် Alibaba Cloud တို့နှင့် အတူ ဒေသတွင်း မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျှက်ရှိကြောင်း၊ သို့သော် လက်တွေ့တွင် အမေရိကန်မှတိုးတက်မှုအသစ်များ လုပ်ဆောင် နေသည်မှာ မပေါ်လွင်ကြောင်း၊ ယခုအခါ အမေရိကန်အနေဖြင့် ကတိကဝတ်ပြုထားသည့် အမေရိကန်ဒေါ်လာ (၁၀) မီလီယံအား မည်ကဲ့သို့ ခွဲဝေအသုံးပြုမည်ကို ရှင်းလင်းပြတ်သားမှု မရှိကြောင်း၊ တရုတ်အနေဖြင့် မိတ်ဖက်ပူးပေါင်း ဆောင်ရွက်မှုများတွင် အထူးသဖြင့် အဆင့်မြင့် 5G နည်းပညာဖြင့် Huawei မှ တစ်ဆင့် ပိုမိုတက်ကြွစွာ ဆောင်ရွက်လျှက်ရှိကြောင်း စင်ကာပူနိုင်ငံရှိ Centre for Multilateralism Studies at Nanyanng Technological University’s S.

Rajaratnam School of International Studies မှ သုတေသနပညာရှင်ဖြစ်သူ Mrs. Amalina Anuar က ပြောကြားခဲ့ကြောင်း ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ထုတ်ဝေသော South China Morning Post သတင်းစာ၌ Simone McCarthy ကရေးသားဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး-ဟောင်ကောင်**

## STOCK EXCHANGE (3.12.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 3rd Dec. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | -500 | -4.35% | 11,500 | 11,500 | 11,000 | 1,564 | 17,936,000 | 27,112,747 | 298,240 |
| MTSH | 00002 | 3,850 | +0 | +0.00% | 3,850 | 3,850 | 3,800 | 4,312 | 16,553,150 | 38,929,150 | 149,877 |
| MCB | 00003 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,300 | 40 | 332,000 | 10,400,986 | 86,328 |
| FPB | 00004 | 23,000 | +0 | +0.00% | 23,000 | 23,000 | 23,000 | 30 | 690,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 709 | 2,020,650 | 12,823,224 | 36,546 |

### Market summary

As of 3rd Dec. 2019

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 458.51 | -9.90 | -2.11% | 468.41 | 468.41 | 458.51 | 6,655 | 37,531,800 | 5 | 627,848 |

**Index chart**



# Market Overview

As of 1:00 pm, 3rd Dec. 2019

| MYANPIX | 458.51 ▼ 9.90 |
|---|---|
| Total Volume (shares) | 6,655 |
| Total Value (MMK) | 38 mil |
| Listed Company | 5 |
| Market Cap. (MMK) | 627,848 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▼ 500 |
| MTSH | 00002 | 3,850 | ▲ 0 |
| MCB | 00003 | 8,300 | ▲ 0 |
| FPB | 00004 | 23,000 | ▲ 0 |
| TMH | 00005 | 2,850 | ▲ 0 |

TIR